Korean
Instagram

မြန်မာ
FaceBook

LEARN KOREAN
EXPERIENCE KOREA
BUILD YOUR FUTURE

ကိုရီးယားဘာသာစကားကို သင်ယူပြီး၊
ကိုရီးယားယဉ်ကျေးမှုကို တွေ့ကြုံခံစားရင်း၊
ကမ္ဘာတစ်ဝှမ်းသို့ ဦးတည်ထားသော သင်တို့၏ အိမ်မက်များကို အတူတကွ အကောင်အထည် ဖော်ဆောင်ပေးသွားမည်။

부천대학교
BUCHEON UNIVERSITY

မြန်မာ

GLOBAL LANGUAGE CENTER OF BUCHEON UNIVERSITY

ဘူခွန်းတက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ဘာသာစကားစင်တာ

ကိုရီးယားဘာသာစကားကို လေ့လာရင်း အနာဂတ်ကို တည်ဆောက်ရန် အကောင်းဆုံးရွေးချယ်မှု


부천대학교
BUCHEON UNIVERSITY

နိုင်ငံတကာပညာရေး အရည်အချင်းစံနှုန်းနှင့် ကိုက်ညီသည့် တက္ကသိုလ် (Certified University) အဖြစ် အသိအမှတ်ပြုရွေးချယ်ခံရခြင်း

(တက္ကသိုလ် နှင့် ဘာသာစကားသင်တန်း)

ဘူချွန်းတက္ကသိုလ်သည် ကိုရီးယားနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုမှုရရှိထားသည့် နိုင်ငံတကာပညာရေး အရည်အချင်းပြည့်မီသော တက္ကသိုလ် (Certified University) တစ်ခုဖြစ်ပြီး
နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် ကိုရီးယားဘာသာစကားကို စနစ်တကျ သင်ယူနိုင်မည့် အရည်အသွေးမြင့် ပညာရေး ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးထားပါသည်။

နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် ကိုရီးယားဘာသာစကားစွမ်းရည် မြှင့်တင်ခြင်းမှ အစပြု၍ ကိုရီးယားယဉ်ကျေးမှုကို နားလည်သဘောပေါက်ကာ တက္ကသိုလ်ပညာ ဆက်လက်သင်ယူပြီး
ကိုရီးယားနိုင်ငံတွင် အောင်မြင်သော အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် စနစ်တကျသော ပညာရေးနှင့် အမျိုးမျိုးသော အထောက်အပံ့အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။



[2025-AC-0110]

THE 4th Period ACCREDITED UNIVERSITY
by IEQAS

(International Education Quality Assurance System)

부천대학교
BUCHEON UNIVERSITY

2026.3. ~ 2030.2.

Ministry of Education

WHY BUCHEON UNIVERSITY?

ဘူချွန်းတက္ကသိုလ်ကို ရွေးချယ်ရသည့် အကြောင်းအရင်း

ကိုရီးယားနိုင်ငံ အစိုးရမှ အသိအမှတ်ပြုထားသော ပညာရေးစနစ်!

Ministry of Education — ကိုရီးယားနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော နိုင်ငံတကာပညာရေး အရည်အချင်းပြည့်မီသည့် တက္ကသိုလ် (Certified University) အဖြစ် ရွေးချယ်ခံရခြင်း (တက္ကသိုလ်၊ ကိုရီးယားဘာသာစကားသင်တန်း)

Ministry of Justice — ကိုရီးယားနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ဖွံ့ဖြိုးမြင့်တင်ရန် ရွေးချယ်ထားသော အထူးကျွမ်းကျင်နည်းပညာဘာသာရပ်အဖြစ် ရွေးချယ်ခံရခြင်း (E-7-M ဗီဇာ)

Ministry of Employment and Labor — ကိုရီးယားနိုင်ငံ အလုပ်သမားနှင့် အလုပ်အကိုင်ဝန်ကြီးဌာနမှ အခြေခံထုတ်လုပ်မှုနည်းပညာလုပ်ငန်းများအတွက် နိုင်ငံခြားသား နည်းပညာကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးသည့် တက္ကသိုလ်အဖြစ် ရွေးချယ်ခံရခြင်း

Ministry of Justice — ကိုရီးယားနိုင်ငံ တရားရေးဝန်ကြီးဌာန၏ လူမှုအသိုင်းအဝိုင်း ပေါင်းစည်းရေးအစီအစဉ် (KIIP) ကို တရားဝင် ဖွင့်လှစ်သင်ကြားပေးသည့် တက္ကသိုလ်အဖြစ် ရွေးချယ်ခံရခြင်း

TOPIK — ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲ (TOPIK) တရားဝင် စာမေးပွဲကျင်းပသည့် တက္ကသိုလ်

ဘူချွန်းတက္ကသိုလ်၏ အားသာချက်များ!

ဆိုးလ်၊ အင်ချွန်းနှင့် ဂျီယောင်းဂီဒိုဒေသများသို့ မိနစ် ၃၀ အတွင်း သွားလာနိုင်သော အဆင်ပြေသည့် တည်နေရာ

မြေအောက်ရထားဘူတာမှ ဘူချွန်းတက္ကသိုလ်အထိ ၁၀ မိနစ်အတွင်း ရောက်ရှိနိုင်သော အဆင်ပြေသည့် အကွာအဝေး

နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် အထူးပညာသင်ဆု အစီအစဉ်

D-4 မှ D-2 သို့ တက္ကသိုလ်ဆက်လက် တက်ရောက်ပါက ကျောင်းလခ ၅၀% လျှော့ချပေးခြင်း

(ဘူချွန်းတက္ကသိုလ် ကိုရီးယားသာသာစကားသင်တန်း တက်ရောက်အောင်မြင်ထားသော ကျောင်းသားများအတွက် အထူးအခွင့်အရေး)

ကမ္ဘာနှင့် အတူ တိုးတက်ဖွံ့ဖြိုးနေသော ဘူဆွန်းတက္ကသိုလ်

တက္ကသိုလ်မေဂျာ တက်ရောက်နေသော (D-2)
နိုင်ငံခြားသား ပညာသင်ကျောင်းသားများ

(၂၁)နိုင်ငံ - (၃၄၃)ဦး

ဘာသာစကားသင်တန်း တက်ရောက်နေသော (D-4)
နိုင်ငံခြားသား ပညာသင်ကျောင်းသားများ

(၂၅)နိုင်ငံ - (၅၄၃)ဦး

2026. 8. လပိုင်း စာရင်းအရ







ဘူချွန်းတက္ကသိုလ်
ကိုရီးယားဘာသာစကားသင်တန်း (D-4)

လျှောက်ထားရန် သတ်မှတ်ချက်

ပညာရေး အရည်အချင်း အထက်တန်းနှင့်အထက် အောင်မြင်ထားသူ

သင်တန်းချိန်

အတန်း	သင်တန်းချိန်	သင်တန်းဖွင့်လှစ်ပုံ
Level 1, Level 2	13:30 ~ 17:30	- Semester တစ်ဖြတ်လျှင် (၁၀)ပတ် နာရီ (၂၀) - တစ်ပတ် (၅)ရက် , တစ်ရက်လျှင် (၄)နာရီ - တစ်ခန်းလျှင် ကျောင်းသားဦးရေ အယောက်(၂၀)အထိသာ
Level 3 ~ Level 6	9:00 ~ 13:00	

သင်တန်းဖွင့်လှစ်ကာက

နှစ်	Semester	သင်တန်းကာလ	ကျောင်းအပ်လက်ခံချိန်
2027	Spring	2027.03.08. ~ 2027.05.14.	2026.12.07. ~ 2027.02.12.
	Summer	2027.06.07. ~ 2027.08.13.	2027.03.08. ~ 2027.05.14.
	Fall	2027.09.06. ~ 2027.11.12.	2027.06.07. ~ 2027.08.13.
	Winter	2027.12.06. ~ 2028.02.11.	2027.09.06. ~ 2027.11.12.

* တက္ကသိုလ် အခြေအနေများအရ အချိန်စာရင်းများ အပြောင်းအလဲ ရှိနိုင်ပါသည်။

* နိုင်ငံသား၊ ဗီဇာအမျိုးအစားအလိုက် ကျောင်းအပ်လက်ခံချိန်များ ကွာခြားနိုင်ပါသဖြင့် ကျောင်းမလျှောက်ထားမီ ကြိုတင်ဆက်သွယ်စုံစမ်းပေးပါရန်။

ကျောင်းလခ

သတ်မှတ်ချက်	ကျောင်းလခ	သတိပြုရန်
ကျောင်းလခ	ဝမ် 1,300,000 / Semester	- D-4 ဗီဇာလျှောက်ထားချိန် * OECD နိုင်ငံ : Semester (၂)ဖြတ် ကျောင်းလခ ပေးသွင်းနိုင်သည်။ * OECD နိုင်ငံမှ အပ အခြားနိုင်ငံများ : Semester (၄)ဖြတ် ကျောင်းလခပေးသွင်းရမည်။
လျှောက်လွှာကြေး	ဝမ် 50,000 / ကျောင်းသားသစ်များသာ	- ပြန်အမ်းငွေနှင့် သက်ဆိုင်ခြင်း မရှိပါ။

* ပုဂ္ဂလိကအာမခံ (ဝမ် 100,000) နှင့် သင်ရိုးညွှန်းတမ်းစာအုပ်ဝယ်ခြင်းများကို ကျောင်းသားများကိုယ်တိုင် သီးခြားပေးဆောင်ရမည်ဖြစ်သည်။

* ပုဂ္ဂလိကအာမခံကြေး အကျုံးဝင်သည့် ကာလ : ကျောင်းစတက်သည့် အချိန်မှ (၆)လအထိသာ





လျှောက်လွှာတင်ခြင်းနှင့် ကျောင်းဝင်ခွင့် လမ်းညွှန်

* ကျောင်းဝင်ခွင့်လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ လက်ခံရရှိသည့်အချိန်မှစ၍ ဗီဇာရရှိသည်အထိ ခန့်မှန်းခြေ အားဖြင့် (၁) လခန့် ကြာမြင့်ပါသည်။ ဗီဇာထုတ်ပေးသည့်ကာလသည် နိုင်ငံအလိုက် ကွာခြားနိုင်ပါသဖြင့် မိမိနေထိုင်ရာဒေသအလိုက် သက်ဆိုင်ရာ ကိုရီးယားသံရုံး (ကောင်စစ်ဝန်ရုံး) တွင် ကြိုတင်စစ်ဆေးမေးမြန်းရန် လိုအပ်ပါသည်။

Step 1.
စာရွက်စာတမ်း ၊ အင်တာဗျူး

1. လျှောက်ထားခြင်းနှင့် စာရွက်စာတမ်းပေးဖို့ ခြင်း
   - အီးမေးလ် (bcuoia@bc.ac.kr)သို့ ကျောင်းသို့ ပေးပို့လျှောက်ထားခြင်း
2. စာရွက်စာတမ်းစစ်ဆေးခြင်းနှင့် အင်တာဗျူး အကဲဖြတ်ခြင်း

* အီးမေးလ်ပေးပို့ရတယ် PDFဖိုင်ဖြင့်သာ ကျောင်းသား တက်ရောက်လျှင် ဖိုင်တစ်ဖိုင်ဖြင့် ပေးပို့ပေးပါရန်။

Step 2.
အင်တာဗျူး အောင်စာရင်း ကြေညာခြင်း

1. အောင်စာရင်း ကြေညာခြင်းနှင့် ကျောင်းလခ ပေးသွင်းခြင်း
2. မူရင်းစာရွက်စာတမ်းများ ပေးပို့ ခြင်း (လျှောက်ထားသူမှ ကျောင်းသို့)
3. ကျောင်းခေါ်စာ ထုတ်ပေးခြင်းနှင့် ပေးပို့ ခြင်း (ကျောင်းမှ လျှောက်ထားသူထံသို့)

* အင်တာဗျူးအကဲဖြတ်ပြီး ၃ရက်အတွင်း အောင်စာရင်း ထွက်ပါသည်။

Step 3.
ဗီဇာလျှောက်ထားခြင်း / ထုတ်ယူခြင်း

1. ဗီဇာလျှောက်ထားခြင်း (သက်ဆိုင်ရာ နိုင်ငံရှိ ကိုရီးယားသံရုံး)
2. ဗီဇာရရှိပြီးပါက ပြည်ဝင်ခြင်း
   - ပြည်ဝင်ခွင့်ပြုရက်များကို ကျောင်းကို ကြိုတင်ဆက်သွယ်စုံစမ်းပေးပါရန်

* အခြေခံမှ မတက်ရောက်လိုသည့် ကျောင်းသားများ အနေဖြင့် မဖြစ်မနေ Level Test ဖြေဆိုရမည်။

ကျောင်းလျှောက်ရန် လိုအပ်သည့် စာရွက်စာတမ်းများ

စဉ်	လိုအပ်သည့် စာရွက်စာတမ်းများ စာရင်း	သတိပြုရန်
1	ကျောင်းလျှောက်လွှာ (ကျောင်းမှ သတ်မှတ်ထားသည် လျှောက်လွှာ) - (၁)စုံ *ဓာတ်ပုံ (ကာလာ 3.5cm*4.5cm) ကပ်ပေးပါရန်	
2	ကိုယ်ရေးရာဇဝင်နှင့် ပညာသင်ကာလ အစီအစဉ် (ကျောင်းမှ သတ်မှတ်ထားသည် လျှောက်လွှာ) - (၁)စုံ	
3	ပညာသင်ရိတ် တာဝန်ယူပေးဆောင်ခြင်း ကတိခံဝန်စာ (ကျောင်းမှ သတ်မှတ်ထားသည် လျှောက်လွှာ) - (၁)စုံ	တာဝန်ယူပေးဆောင်ပေးမည့်သူသည် မိဘ ၂ပါး အနက် (၁)ဦး ဖြစ်ရမည်။
4	ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းခြင်း ၊ အသုံးပြုခြင်းနှင့် တတိယပုဂ္ဂိုလ်ထံ ပေးအပ်ခြင်း သဘောတူ ညီချက် (ကျောင်းမှ သတ်မှတ်ထားသည် လျှောက်လွှာ) - (၁)စုံ	
5	ပတ်စပို့ မိတ္တူ - (၁)စုံ	(နိုင်ငံခြားသား မှတ်ပုံတင် လက်ဝယ်ထားရှိထားသူများသည် မှတ်ပုံတင် မိတ္တူပါ ထည့်သွင်းပေးပါရန်)
6	**အထက်တန်း အောင်လက်မှတ်နှင့် အမှတ်စာရင်း - (၁)စုံ** **ဘာသာပြန်ပြီးနောက် စာရွက်စာတမ်းကို MOFA တံဆိပ်တုံး ထုယူပြီး သံရုံးအတည်ပြုချက်ထိ ရယူရမည်** - စာရွက်စာတမ်းများ အားလုံးသည် MOFA , သံရုံးအတည်ပြုချက် (၆)လအတွင်း ထုတ်ယူထားသော စာရွက်စာတမ်းများ ဖြစ်ရမည်။	မူရင်း
7	**အိမ်ထောင်စုစာရင်း** - အိမ်ထောင်စုစာရင်းတွင် မိဘ မစုံလင်ပါက ကွာရှင်း (သို့) သေဆုံးအထောက်အထားများ တင်ပေးရမည်။	မူရင်း
8	**ဝမ် သိန်း (၁၀၀)နှင့် အထက် ဘဏ်အထောက်အထား - (၁)စုံ** - မိမိ (သို့) မိဘအမည်ပါသော ဘဏ်အထောက်အထားသာ လက်ခံသည် - မိဘအမည်ဖြင့် ဘဏ်အထောက်အထား တင်ပြပါက မိဘ၏ အလုပ်အကိုင်နှင့် ဝင်ငွေအထောက်အထားများ တင်ပြပေးရမည်။ **သို့မဟုတ် လုပ်ငန်းလိုင်စင် တင်ပြနိုင်သည်။** - ဘဏ်အထောက်အထားစာရွက်သည် (၁)လအတွင်း ထုတ်ယူထားသော စာရွက်ဖြစ်ရမည်။ - နိုင်ငံအလိုက် ဗီဇာထွက်နိုင်သည့် ကာလပေါ် မူတည်ပြီး ဘဏ်ထဲတွင် ထည့်သွင်းထားရမည်။	မူရင်း
9	**TOPIK (သို့) KLAT ကိုရီးယား အရည်အချင်း အမှတ်အတည်ပြုအထောက်အထား မိတ္တူ - (၁)စုံ**	မဖြစ်မနေ လိုအပ်သည့် စာရွက်စာတမ်း မဟုတ်ပါ။

[စာရွက်စာတမ်း လျှောက်ထားရာတွင် သတိပြုရန်အချက်များ]

1) မူရင်းစာရွက်စာတမ်းသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး MOFA (သို့) သံရုံးအတည်ပြုချက် ရယူထားသော စာရွက်စာတမ်းကို ဆိုလိုသည်။
2) အီးမေးလ်ဖြင့် လျှောက်ထားပါက စာရွက်စာတမ်းများကို PDF ဖိုင်ပုံစံဖြင့်သာ ပေးပို့လျှောက်ထားရမည်။
3) ကိုရီးယားဘာသာစကားသင်တန်း ဗီဇာ (D-4) မဟုတ်သော အခြားဗီဇာ ကိုင်ဆောင်ထားသူများသည် အမှတ်စာရင်းနှင့် ဘဏ်လက်ကျန်ငွေအထောက်အထားကို တင်ပြရန် မလိုအပ်ပါ။
4) D-4 မဟုတ်သော အခြားဗီဇာ ကိုင်ဆောင်ထားသူများသည် အချက် (1) မှ (7) အထိ လိုအပ်သောစာရွက်စာတမ်းများကို မိတ္တူဖြင့်သာ တင်ပြနိုင်ပြီး သံရုံးအတည်ပြုတံဆိပ်တုံးများ ပြုလုပ်ရန် မလိုအပ်ပါ။
5) ကိုရီးယားဘာသာစကားသင်တန်း ဗီဇာ (D-4) — D-4 ဗီဇာဖြင့် ကိုရီးယားနိုင်ငံတွင် အများဆုံး ၂ နှစ်အထိသာ သက်တမ်းတိုး နေထိုင်ခွင့် ရှိသည်။
6) လျှောက်ထားသော စာရွက်စာတမ်းများကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။

ဘူချွန်းတက္ကသိုလ်
နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် အထောက်အပံ့များ

နိုင်ငံခြားသား ပညာသင်ကျောင်းသားများ အေးချမ်းတည်ငြိမ်စွာ ပညာသင်ကြားနိုင်ရန် အမျိုးမျိုးသော ပညာသင်ဆုများနှင့် လိုအပ်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက် ရှိပါသည်။

ပညာသင်ဆုသတ်မှတ်ချက်

အမျိုးအစား	အကြောင်းအရာ
ကိုရီးယားဘာသာစကားသင်တန်း အောင်မြင်ပြီးမြောက်ထားသော ကျောင်းသားများအတွက် အထူး ပညာသင်ဆု	ဘူချွန်းတက္ကသိုလ် မေဂျာ(D-2) ဆက်လက် တက်ရောက်ပါက ကျောင်းလခ၏ တစ်ဝက် (50%)အား လျှော့ချပေးခြင်း။
အမှတ်အများဆုံး ထူးချွန်ပညာသင်ဆု	LEVEL အလိုက် ပထမဆု : ကျောင်းလခ၏ 50% လျှော့ချပေးခြင်း (နောက် Semester ဆက်လက်ပညာသင်ကြားမှသာ)

မိခင်ဘာသာစကားဖြင့် ကူညီပေးခြင်း

နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် သက်ဆိုင်ရာ နိုင်ငံ တာဝန်ခံများ ထားရှိပေးထားပြီး မိခင်ဘာသာစကားဖြင့် ဆွေးနွေးတိုင်ပင်မှုများနှင့် လိုအပ်သော အကူအညီများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။
(ဗီယက်နမ်ဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဂျပန်ဘာသာ၊ ရုရှားဘာသာ စသည်တို့ ဖြင့် ပံ့ပိုးပေးပါသည်။)



ကိုရီးယားအရည်အချင်းစစ်စာမေးပွဲ (TOPIK) ကျင်းပခြင်း

ဘူချွန်းတက္ကသိုလ်သည် ကိုရီးယားအရည်အချင်းစစ်စာမေးပွဲ ကျင်းပသည့် တရားဝင် အဖွဲ့အစည်းဖြစ်သည်။(PBT, IBT)
ဘူချွန်းတက္ကသိုလ် နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် TOPIKစာမေးပွဲလျှောက်ထွာတင်ခြင်းကို ကျောင်းမှ လုပ်ဆောင်ပေးပြီး
ကျောင်းတွင် စာမေးပွဲ ဖြေဆိုရန် စီစဉ်ပေးထားပါသည်။



နိုင်ငံခြားသား ပညာသင်ကျောင်းသားများ သီးသန့်သုံး နားနေခန်း

နိုင်ငံခြားသား ပညာသင်ကျောင်းသားများ သီးသန့်သုံး နားနေခန်းကို အသစ် ပြင်ဆင်ပေးထားသည့်အတွက်
အချိန်မရွေး သက်သောင့်သက်သာ နားနေနိုင်ခြင်း စာလေ့လာခြင်းများ ပြုလုပ်နိုင်ပါသည်။



ကာလတို ပညာသင်လေ့လာရေး ပရိုဂရမ်

ဘူချွန်းတက္ကသိုလ်၏ အမျိုးမျိုးသော မေဂျာအတွေ့အကြုံ၊ ကိုရီးယား ဘာသာစကား အတန်း၊ ကိုရီးယားယဉ်ကျေးမှုများကို
လေ့လာနိုင်သော ကာလတို ပညာရေး ပရိုဂရမ်ဖြစ်သည်။
- တက္ကသိုလ်၊ အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပညာရေး ရုံးဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက် လုပ်ဆောင်ပေးခြင်း။



ဘူချွန်းတက္ကသိုလ်
နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် ပညာရေးနှင့် အလုပ်အကိုင်လမ်းကြောင်းဆိုင်ရာ လမ်းညွှန်အစီအစဉ်များ

နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် ကိုရီးယားဘာသာစကား တိုးတက်စေရန်နှင့် အနာဂတ်အလုပ်အကိုင်အတွက် အစီအစဉ်များကို အခမဲ့ ပံ့ပိုးပေးပါသည်။

TOPIK စာမေးပွဲအတွက် ပြင်ဆင်ပေးခြင်း

ကိုရီးယားဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ (TOPIK) ဖြေဆိုအောင်မြင်ရန် ပြင်ဆင်ပေးသည့် ပညာရေးအစီအစဉ်





မေဂျာလေ့လာရေး

ဘူချွန်းတက္ကသိုလ် ဘွဲ့ဒီဂရီတက်ရောက်ရန် မေဂျာခွေးချယ်မှုများအတွက် ဌာနအလိုက် မေဂျာဌာနများကို ကိုယ်တိုင်
သွားရောက် အတွေ့အကြုံယူ လေ့လာနိုင်သည့် အစီအစဉ်ဖြစ်သည်။





တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်အကြံပေးခြင်း (Consulting)

ဘူချွန်းတက္ကသိုလ် ဘွဲ့ဒီဂရီသင်တန်း ဝင်ခွင့်အတွက် လိုအပ်သော အချက်အလက်များကို မျှဝေပြီး
D-2 ဘွဲ့ဒီဂရီသင်တန်း တက်ရောက်နေသော နိုင်ငံခြားသား ပညာသင်ကျောင်းသားများနှင့်အတူ Mentoring (Consulting) အစီအစဉ်ကို ပံ့ပိုးပေးပါသည်။





ကိုရီးယားဥပဒေနားလည်ရန် အသိပညာပေးခြင်း

လုံခြုံစိတ်ချသော ကိုရီးယား နေထိုင်မှု ဘဝအတွက် ကိုရီးယားနိုင်ငံတွင် မဖြစ်မနေ သိထားသင့်သည့် ဥပဒေ နှင့်
ပြစ်မှု ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း





ဘူဆွန်းတက္ကသိုလ်

နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် အထောက်အပံ့များ

Go to Promotional Video

နိုင်ငံခြားသား ပညာသင်ကျောင်းသားများ အေးချမ်းတည်ငြိမ်စွာ ပညာသင်ကြားနိုင်ရန် အမျိုးမျိုးသော ပညာသင်ဆုများနှင့် လိုအပ်သော ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက် ရှိပါသည်။

Global Friendship Camp

ကိုရီးယားကျောင်းသားများနှင့် နိုင်ငံခြားသား ကျောင်းသားများ အတူတကွ သွားရောက်သော Friendship Camp
(အပန်းဖြေလှုပ်ရှားမှုများနှင့် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ)





နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် အားကစားပြိုင်ပွဲ

နိုင်ငံခြားသား ပညာသင်ကျောင်းသားများ အတူတကွ ပူးပေါင်းပါဝင်ကာ အောင်မြင်မှုနှင့် ပျော်ရွှင်မှုကို ခံစားနိုင်ရန် အားကစားနှင့် အဖွဲ့လိုက်လှုပ်ရှားမှု အစီအစဉ်





ကိုရီးယားယဉ်ကျေးမှု လေ့လာရေးခရီးစဉ်

ကိုရီးယားနိုင်ငံ၏ အထင်ကရခရီးသွားနေရာများနှင့် ယဉ်ကျေးမှုများကို ကိုယ်တိုင်ကြည့်ရှုလေ့လာပြီး လက်တွေ့အတွေ့အကြုံ ရရှိနိုင်သော အစီအစဉ်





ကိုရီးယားရိုးရာပွဲတော် အတွေ့အကြုံ

ကိုရီးယားရိုးရာပွဲတော်များတွင် ကိုရီးယားရိုးရာယဉ်ကျေးမှုများကို အတူတကွ လေ့လာခံစားပြီး ရိုးရာအစားအစာများကို အတူတကွ မျှဝေစားသုံးနိုင်သော အစီအစဉ်





ဘူဆွန်းတက္ကသိုလ်

နိုင်ငံခြားသား ပညာသင်ကျောင်းသားများအတွက် ကျောင်းအဆောင်နှင့် အဆင်ပြေစွာ အသုံးပြုနိုင်သော နေရာများ

နိုင်ငံခြားသား ကျောင်းသားများအတွက် ကျောင်းအဆောင်နှင့် အဆင်ပြေစွာ အသုံးပြုနိုင်ရင် အမျိုးမျိုးသော နေရာများကို စီစဉ်ပေးထားပါသည်။

ကျောင်းအဆောင်

လျှောက်ထားနိုင်သူများ	ကိုရီးယားဘာသာစကားသင်တန်း ကျောင်းသားသစ်၊ တက်ရောက်နေသော ကျောင်းသားများ	**အဆောင်လခပေးသွင်းရန်**	VISA ရရှိပြီး ▸ အဆောင်လျှောက်ထားခြင်း ▸ အဆောင်လခ ပေးသွင်းခြင်း
အဆောင်လခ	- (၂)ယောက်ခန်း : တစ်လလျှင် ဝမ် 300,000 - (၃)ယောက်ခန်း : တစ်လလျှင် ဝမ် 250,000 * စပေါ်ငွေ : (၂)ယောက်ခန်း (ဝမ် 600,000) , (၂)ယောက်ခန်း (ဝမ် 500,000) , အဆောင်ဝင်ပါက ပေးသွင်းရန်, အဆောင်မနေပါက ပြန်လည်ထုတ်ပေးပါသည်။	**အသုံးအဆောင်များ**	အခန်းတွင်း : စားပွဲ၊ ကုတင်၊ အဲယားကွန်း၊ အိမ်သာ အစရှိသည့် အများသုံး : အဝတ်လျှော်စက်၊ မီးဖိုချောင် အစရှိသည့်
နေထိုင်ကာလ	(၃)လတစ်ဖြတ် သက်တမ်းတိုးနိုင်ပါသည်။	**စုံစမ်းမေးမြန်းရန်**	+82-32-610-0733



ကျောင်းအဆောင်



(၂)ယောက်ခန်း




(၃)ယောက်ခန်း



မီးဖိုချောင်

အဆင်ပြေစွာ အသုံးပြုနိုင်သော နေရာများ

စာကြည့်တိုက်



ကော်ဖီဆိုင် (Café)



ကျောင်းကန်တင်း



နားနေခန်း



ကျောင်းဝင်ခွင့် ဆက်သွယ်စုံစမ်း မေးမြန်းရန်

TEL.	ကိုရီးယား၊ ဂျပန်၊ အင်္ဂလိပ်	+82-32-610-0728
	ဗီယက်နမ်	+82-32-610-0730
	မြန်မာ	+82-32-610-0737
E-mail	bcuoia@bc.ac.kr	
Homepage	https://dept.bc.ac.kr/itntn/index.do	
Address	(14632) 경기도 부천시 원미구 신흥로56번길25 몽당기념관 402호 부천대학교 글로벌어학센터	
	Bucheon University Global Language Center Room 402, Mongdang Memorial Hall, 25 Sinheung-ro 56beon-gil, Wonmi-gu, Bucheon-si, Gyeonggi-do, Republic of Korea (Zipcode: 14632)	